**BHRN Stands In Solidarity With Burma's Nationwide 22222 Protest**

22 February 2021 – London/Yangon -- Burma Human Rights Network stands in firm solidarity with the protesters and organizations behind Burma's nationwide general strike. The protests on February 22nd are expected to be the largest yet, despite violence over the weekend where security forces shot and killed two protesters. Notably, the 33rd Light Infantry Division, which committed many crimes against the Rohingya, was dispatched against the protesters. The weekend also saw the tragic death of peaceful protester Mya Thwate Thwate Khaing who was on life support for ten days after being shot in the head by security forces. As the protest movement gains momentum, the military's crackdown is becoming increasingly hostile towards civilians and it is urgent that the international community takes immediate action.

"We are indescribably proud of the activists involved in the general strike but also tremendously worried for their safety. They have taken a stand against a rogue military regime that seeks to rule over them undemocratically and this is truly commendable. The military will try every tactic they know to retain power, as we've already witnessed with live gunshots, indiscriminate killings, water cannons, internet blackouts, and mass arrests. The unity of the Burmese people will be key to their success, and we are overjoyed to witness so many activists in solidarity with each other despite race and religion. We encourage this unity and believe it will be key to the movement's success," Said BHRN's Executive Director, Kyaw Win

Since the military's coup on 1 February, activists have flooded the streets for weeks in response, many of them carrying signs expressing sympathy for the Rohingya. Likewise, Rohingya in the refugee camps in Bangladesh and IDP camps in Burma have outpoured support for the protesters and solidarity in their aspiration to end the dictatorship. Muslims, Christians, and Buddhists in the protests are working in unity towards a shared goal and vision of a better future for Burma.

BHRN calls on the Burmese military to stand down, dismiss and charge the coup leaders, relinquish power, and to allow the elected members of Parliament to meet and govern. Once Parliament resumes, it must immediately amend or completely rewrite the 2008 Constitution, which the military has used to maintain its grasp on power. This Parliament must also finally acknowledge the rights of all minorities, including the Rohingya, and work towards ending the country's decades-old civil war in the ethnic regions. BHRN calls on the international community to seek these ends by using every tool at their disposal. The coup leaders and all of their business interests must be sanctioned, the military must be ostracized globally until they stand down, an arms embargo must be enacted, and the Civil Disobedience Movement must be given total support and recognition as the democratic will of the people of Burma.

**Media Enquiries**

Please contact:
Kyaw Win, Executive Director
Burma Human Rights Network (BHRN)
E: kyawwin@bhrn.org.uk
T: +44(0) 740 345 2378

## BHRNသည် မြန်မာနိုင်ငံတစ်ဝှမ်း ၂၂၂၂ ဆန္ဒပြမှုနှင့်အတူ သွေးစည်းညီညွတ် ရပ်တည်ပါသည်။

ဖေဖော်ဝါရီလ ၂၂ ရက် ၊ ၂၀၂၁ ခုနှစ်။

မြန်မာလူ့အခွင့်အရေးကွန်ရက်သည် မြန်မာနိုင်ငံတစ်ဝှမ်း အထွေထွေသပိတ်ကို ပြုလုပ်နေသောသူများနှင့် အဖွဲ့အစည်းများအားလုံးနှင့် အတူ အခိုင်အမာသွေးစည်းညီညွတ်စွာရပ်တည်ပါသည်။ ပြီးခဲ့သည့် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် လုံခြုံရေးတပ်များသည် ဆန္ဒပြသူနှစ်ဦးအား ရက်စက်စွာ ပစ်သတ်ခဲ့သော်လည်း ၊ ယခု ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်မည့် ဆန္ဒပြမှုများမှာ အကြီးမားဆုံး လူထုလှုပ်ရှားမှု ဖြစ်မည်ဟု ခန့်မှန်းရပါသည် ။ ထင်ရှားမှုတစ်ခုအနေဖြင့် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ်ရာဇဝတ်မှုများကျူးလွန်ခဲ့သည် အမှတ် ၃၃ ခြေမြန်တပ်ရင်းအား ဆန္ဒပြများအား နှိမ်နင်းရန်ချထားခဲ့ခြင်းဖြစ်သည်။ နေပြည်တော်တွင်ငြိမ်းချမ်းစွာဆန္ဒပြရင် ဦးခေါင်းအားပစ်ခတ်ခံရသူ မမြသွဲ့သွဲ့ခိုင်သည် ပြီးခဲ့သည်အပတ်တွင် ကွယ်လွန်ခဲ့ပါသည် ။ မမြသွဲ့သွဲ့ခိုင်သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ဦးခေါင်း ပစ်ခတ်ခဲ့မှုကြောင့် လွန်ခဲ့သော ၁၀ ရက်အတွင်း အသက်ကိုလုရှ် အရေးပေါ်အခြေအနေနှင့်ရင်ဆိုင်နေခဲ့ရသူဖြစ်ပါသည်။ ဆန္ဒပြမှုများအရှိန်းမြင့်လာသည်နှင့်အမျှ စစ်တပ်၏ အရပ်သားများအပေါ် ရန်လို အကြမ်းဖက်ဖြိုခွင်းမှုများမှာလည် မြင့်တက်လာနေသောကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ချက်ခြင်းအရေးယူဆောင်ရွက်ရန်လိုအပ်ပါသည်။

“ကျွန်တော်တို့အနေဖြင့် အထွေထွေသပိတ်တွင် ပါဝင် တက်ကြွလှုပ်ရှားသူများ အားလုံးအတွက် ပြောမပြတက်လောက်အောင် ဂုဏ်ယူပါတယ်။ ဒါပေမဲ့ သူတို့ရဲ့လုံခြုံရေးအတွက် အင်မတန်မှ စိုးရိမ်းမိပါတယ် ။ သူတို့အားလုံးဟာ သူတို့ရဲ့သဘောဆန္ဒမပါဘဲ ဒီမိုကရေစီနည်းမကျဘဲ အုပ်ချုပ်ရန်ကြိုးပမ်းနေသော ရက်စက်ကြမ်းကြုတ်သည် စစ်အုပ်စုကို ထ၍ဆန့်ကျင်ဆန္ဒပြနေပါပြီ၊ အဲ့ဒါကလည် မှန်ကန်တဲ့လုပ်ရပ်ဖြစ်ပါတယ်။ စစ်တပ်ကတော့ သူတို့အာဏာတည်မြဲရေးအတွက် နည်းလမ်းပေါင်းစုံ အသုံးပြုမှာဖြစ်ပါတယ်။ အချို့သော နည်းလမ်းတွေကတော့ ကျွန်တော်တို့ မြင်ခဲ့ရသလို ကျည်အစစ်နဲ့ ပစ်တာတွေ ၊ လူထုအား စည်းမရှိဘဲ သတ်ဖြတ်တာတွေ၊ မီးသတ်ပိုက်ဖြင့်ထိုး၍ ဖြိုခွင်းတာတွေ အင်တာနက်ဖြတ်တောက်တာတွေနှင့် လူတွေကို အစုလိုက်အပြုံလိုက် ဖမ်းဆီးတာတွေပဲ ဖြစ်တယ်။ မြန်မာပြည်သူတွေရဲ့စည်းလုံးညီညွတ်မှုဟာ ဒီပွဲအတွက်အောင်မြင်မှုသော့ချက်ပဲ ဖြစ်ပါလိမ့်မည်။ ဒါ့အပြင် ကျွန်တော်တို့အနေဖြင့် တက်ကြွလှုပ်ရှားသူများအားလုံး လူမျိုး၊ ဘာသာမခွဲခြားဘဲစည်းလုံးမှုကို မြင်တွေ့နေရသည်အတွက် အလွန်ဝမ်းသာပါတယ်။ ကျွန်တော်တို့အနေဖြင့် အခုလိုစည်းလုံးနေမှုကို အားပေးပြီး ၊ အဆိုပါ စည်းလုံးမှုကပင်လျှင် ယခုလူထုလှုပ်ရှားမှု အောင်မြင်ဖို့အတွက် အဓိကကျတဲ့ လိုအပ်ချက်ပဲဖြစ်ပါတယ်။” ဟု BHRN ၏ အမှုဆောင်ဒါရိုက်တာ ဦးကျော်ဝင်းမှ ပြောကြားပါသည်။

စစ်တပ်မှ အာဏာသိမ်းလိုက်သည့် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး အာဏာသိမ်းမှုကို ဆန့်ကျင်သည့်အနေဖြင့် တက်ကြွလှုပ်ရှားသူများသည် ရက်သတ္တပတ်များစွာ လမ်းများပြည့်လျှံအောင် ချီတက်ဆန္ဒပြနေကြပါသည်။ အချို့မှာလည်း ရိုဟင်ဂျာများ သနာမိပါပြီးဟု ရေးထားသော ဆိုင်းဘုတ်များကိုင်၍ မိမိတို့၏ ဆန္ဒကို ထုတ်ဖော်ကြပါသည် ။ ထို့အတူ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများနှင့် မြန်မာနိုင်ငံအတွင်းရှိ IDP စခန်းများတွင် ရောက်ရှိနေကြသော ရိုဟင်ဂျာများကလည်း မြန်မာနိုင်ငံတွင် ယခုဖြစ်ပေါ်နေသော စစ်အာဏာရှင်အဆုံးသတ်ရေး လူထုလှုပ်ရှားမှုတွင် ပါဝင်ဆန္ဒပြနေသူများနှင့် သွေးစည်းညီညွတ်မှုရှိကြောင်းနှင့် လူထုလှုပ်ရှားမှုကို အပြည့်အဝထောက်ခံကြောင်းကို ဆန္ဒထုတ်ဖော်ခဲ့ပါသည်။ ဆန္ဒပြပွဲတွင် ပါဝင်နေသော မွတ်စလင်မ် ၊ ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာဝင်များကလည်း ဘုံရည်မှန်းချက်ဖြင့် အနာဂတ်မြန်မာနိုင်ငံအတွက် စည်းလုံးစွာ လက်တွဲလုပ်ဆောင်နေကြပါသည်။

BHRN သည် မြန်မာ့တပ်မတော်အား လူထုအားဖိနှိပ်နေမှုများ ရပ်တန့်ပြီး၊ အာဏာကိုစွန့်လွှတ်ကာ ပြည်သူမှရွေးချယ်တင်မြှောက် ထားသောသူများအား လွှတ်တော်ခေါ်ယူခွင့်နှင့် တိုင်းပြည်အုပ်ချုပ်ခွင့်ပေးပြီး၊ အာဏာသိမ်းမှုကို ပြုလုပ်ခဲ့သည် ခေါင်းဆောင်များကို ဖမ်းဆီး၍ တရားစွဲဆိုအပြစ်ပေးအရေးယူရန် တောင်းဆိုလိုက်ပါသည်။ လွှတ်တော်စတင်သည်နှင့်တပြိုက်နက် လွှတ်တော်အနေဖြင့် စစ်တပ်အာဏာတည်မြဲအောင် ပြုလုပ်ထားသော ၂၀၀၈ ဖွဲ့စည်းပုံကို ချက်ချင်းပြင်ဆင် (သို့မဟုတ်) အသစ်ရေးစွဲရေးကို ပြုလုပ်ရပါမည်။ ထိုလွှတ်တော်အနေဖြင့် ရိုဟင်ဂျာများအပါအဝင် လူနည်းစုအားလုံး၏ အခွင့်အရေးများကိုအသိအမှတ်ပြုပေးရမည် ဖြစ်ပြီး ၊ တိုင်းရင်းသားဒေသများတွင် ဆယ်စုနှစ်များစွာ ဖြစ်ပွားနေသောပြည်တွင်းစစ်ပွဲများ အဆုံးသတ်ရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ BHRN အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအား မိမိတို့၏ လုပ်နိုင်စွမ်းအားလုံးကို အသုံးပြု၍ ယခုအခြေအနေများကို ရပ်တန့်အောင်ပြုလုပ်ရန် တောင်းဆိုလိုက်ပါသည်။ အာဏာသိမ်းခေါင်းဆောင်များနှင့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းများ အားလုံးကိုလည်း အရေးယူပိတ်ဆို့မှုများပြုလုပ်ကာ ၊ စစ်တပ်အား တစ်ကမ္ဘာလုံးတွင် သူတို့အာဏာမစွန့်မခြင်း အသိအမှတ်မပြုပဲ ဖယ်ကျဉ်ထားကာ လူဆိုးစာရင်းသွင်းထားရန်လိုအပ်ပါသည် ။ နိုင်ငံတကာအနေဖြင့် စစ်တပ်အားလက်နက်ရောင်းချမှုများကိုလည်း ရပ်ဆိုင်းထားဖို့လိုအပ်ပါသည်။ မြန်မာနိုင်ငံအတွင်း အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုဖြစ်သည့် CDM လူထုလှုပ်ရှားမှုများကို အသိအမှတ်ပြု၊ ကူညီထောက်ပံ့ကာ မြန်မာပြည်သူလူထု၏ ဒီမိုကရေစီရလိုမှု သဘောဆန္ဒကို ကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။

**သတင်းယူဖို့ ဆက်သွယ်ရန်**

ဦးကျော်ဝင်း၊ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးချုပ်

မြန်မာ့လူ့အခွင့်အရေးကွန်ယက်

မေးလ်လိပ်စာ: kyawwin@bhrn.org.uk

တယ်လီဖုန်းနံပတ်: ၀၀၄၄ ၇၄၀ ၃၄၅ ၂၃၇၈